# တတိယအကြိမ် ကရင်အမျိုးသမီး နီးနှောဖလှယ်ပွဲ
# ထုတ်ပြန်ကြေငြာချက်

၂၀၁၈ ခုနှစ် မတ်လ ၂၉ ရက်နေ့

ကရင်အမျိုးသမီးအစည်းအရုံး (KWO)က ဦးဆောင်သည့် တတိယအကြိမ် ကရင်အမျိုးသမီးများ နီးနှောဖလှယ်ပွဲကို ကရင်ပြည်နယ်၊ လေးဝါး(လော်ခီးလား) နေရာတွင် ၂၀၁၈ ခုနှစ် မတ်လ ၂၈ ရက် မှ ၂၉ ရက်နေ့ အထိ အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပါသည်။ နီးနှောဖလှယ်ပွဲတွင် ကရင်ဒေသအသီးသီးမှ ကရင်အရပ်ဖက်အ ဖွဲ့အစည်းများ၊ ပြည်တွင်း ကရင်အမျိုးသမီး အဖွဲ့အစည်းများ၊ မြေယာနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများ၊ ဒေသအသီးသီးမှကျေးရွာ အတွက် လှုပ်ရှားသောတစ်သီးပုဂ္ဂလ အမျိုးသမီးကိုယ်စားလှယ်များ၊ ကျောင်းသူနှင့်ကျောင်းဆရာမများ၊ NGOs အဖွဲ့အစည်းတို့မှ လုပ်ဆောင်သောကရင်အမျိုးသမီးများ၊ ကျေးရွာအမျိုးသမီးသူကြီး/ ဥက္ကဋ္ဌများ အပါအဝင် ကရင်အမျိုးသမီး စုစုပေါင်း (၁၂၅) ဦးတက်ရောက်ခဲ့ကြသည်။

နှစ်ရက်တာကျင်းပသည့် ကရင်အမျိုးသမီးနီးနှောဖလှယ်ပွဲ ရည်မှန်းချက်သည် “ကရင်လူမှုအသိုင်းအဝိုင်းအတွင်း ကရင် အမျိုးသမီးများ ချိတ်ဆက်လုပ်ဆောင်မှု အားကောင်းလာစေရန်” ဖြစ်သည်။ ၎င်းတွေ့ဆုံပွဲတွင် တက်ရောက်လာသော အမျိုးသမီးများ ကိုယ်စားလှယ်များသည် လက်ရှိမြန်မာပြည်နိုင်ငံရေး နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အခြေအနေများ၊ အမျိုးသမီးများ ဥပဒေအရ ကာကွယ်စောင့်ရှောက်မှုနှင့် တရားမျှတမှုရရှိရေးအခြေအနေများ၊ မြေယာသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားမှု၊ ဒုက္ခသည် နှင့် ပြည်တွင်းစစ်ပြေးနေရပ်စွန့်ခွာသူများ အခြေအနေများ စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ကရင်အမျိုးသမီးများအချင်းချင်း ချိတ်ဆက်မှုများ အားကောင်းရန်နှင့် စည်းရုံးလှုံ့ဆော်မှုများကို ဘုံသဘောတူညီသောအသံနှင့် ကရင်လူထုများအတွက် ကိုယ်စားပြုပြောဆိုနိုင်ရန်အတွက် ရည်ရွယ်ပြီး လူထုအခြေပြုအရပ်ဖက်ကရင် အမျိုးသမီးများကွန်ယက် တစ်ခုဖွဲ့စည်းလိုက်သည်။ တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသမီး (၂၅) ဦးကို ရွေးချယ်ပြီး ရှေ့ဆက်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့် ကရင်အမျိုးသမီးထု၏ အသံများနှင့် အမြင်သဘောထားကို ကိုယ်စားပြုပြီး အတူတစ်ကွ ပူးပေါင်းစည်းရုံးလှုံ့ဆော်သွားမည်ဖြစ်သည်။ ကဏ္ဍပေါင်းစုံတွင် အမျိုးသမီးများလုပ်ဆောင်မှုများ အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်နိုင်ရန် နှင့် နောင်ကာလတွင် အမျိုးသမီးများဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ရန် ကရင်အမျိုးသမီးငယ်များကို အသိပညာများ နှင့် စွမ်းရည်မြှင့်တင်မှုများ လုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်သည်။

**အကြံပြုချက်များ**

၁) တိုင်းရင်းသားနယ်မြေအတွင်းထိုးစစ်များအားလုံးရပ်တန့်ရန်။

၂) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေသစ် ကိုရေးဆွဲရန်။

၃) စစ်မှန်သောငြိမ်းချမ်းရေး မတည်ဆောက်နိုင်မီ တိုင်းရင်းသားနယ်မြေဒေသအတွင်းရှိ အကြီးစားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ချက်ခြင်း ရပ်တန့်ရန်။

၄) ဒုက္ခသည်များ၏ ဆန္ဒသဘောထားမပါဘဲ နေရပ်သို့အတင်းအကျပ်ပြန်လည်ပို့ဆောင်ခြင်းမပြုလုပ်ရန်။

၅) ဒုက္ခသည်များနှင့် ပြည်တွင်းစစ်ပြေးနေရပ်စွန့်ခွာသူများ၏ အခြေခံလိုအပ်ချက်များ ထောက်ပံ့ခြင်းကို နိုင်ငံတကာသတ်မှတ်ထားသော စံချိန်စံနှုန်းအတိုင်း ဒုက္ခသည်များ၏ မူလနေရပ်ပြန်မရောက်နိုင်မီအချိန်အထိ ထောက်ပံ့ပေးသွားရန်။

**ဆက်သွယ်ရန်**


၁ – ဆရာမ နော်ကညောဖေါ - +၆၆ ၈၁၀ ၂၉၅ ၅၀၃

၂ – ဆရာမ နော်ထူးထူး - +၆၆ ၈၇၂ ၀၅၁ ၈၅၆

၃ - ဆရာမ နော်ဆဲဆဲ - +၉၅ ၉၂၅ ၅၈၁ ၇၀၉၂